# အပျိုကြီးပုံပြင်

## အ တွေး ရ သ ပုံ ပြင် များ

ဦးဘုန်း(ဓာတု)မန္တလေး

ဝန်ဇင်း
Read on the move

# ပုံပြင်အတွေးရသ

ဤ 'အပျိုကြီး' အတွေးရသစာစုသည် ...

ယနေ့ခေတ်၏ အဖြစ်အပျက်များကို ပုံပြင်များ သဖွယ် ရေးသားမှတ်တမ်းတင်ထားခြင်းဖြစ် ပါသည် ။

*

ပုံပြင်များ ဖြင့် ကျွန်တော်တို့ ကြီးပြင်းခဲ့ရသည် ။

အဘိုး၊ အဘွား ပြောသော ပုံပြင်များ ဖြင့် ကျွန်တော်တို့ အိပ်ရာဝင်ခဲ့ဖူးသည် ။ အဖေ၊ အမေ ပြောသော ပုံပြင်များ ဖြင့် ကျွန်တော်တို့ အိပ်စက်ခဲ့ဖူးသည် ။ ဆရာ၊ ဆရာမ ပြောသော ပုံပြင်များ ဖြင့် ကျွန်တော်တို့ ကျောင်းတက်ခဲ့ရဖူးသည် ။

'ရွှေသွေး'၊ 'တေဇ' စာစောင်များက ပြောသော ပုံပြင်များ ဖြင့် ကျွန်တော်တို့ စာဖတ်ခြင်း အလေ့အထကို ရရှိခဲ့သည် ။

ပုံပြင်များက ဘဝတစ်ခုကို စနစ်တကျ တည်ဆောက်တတ်ရန် ပြုပြင်ပေးသည် ၊ ပုံဆောင် ပေးသည် ။ ပုံပြင်တိုင်းတွင် ဇာတ်ကောင်စရိုက်များ ပါရှိသည် ၊ ရည်ရွယ်ချက်များ ပါရှိသည် ။ ဓမ္မနှင့် အဓမ္မကို နှိုင်းယှဉ် စဉ်းစားတတ်ရန် အလေ့အကျင့်များကိုလည်း ပေးသည် ။

ထို့ကြောင့် ပုံပြင်များ ထဲမှ မှတ်သားစရာများ ၊ သင်ခန်းစရာများ ၊

ဘဝအတွက် တွေးဆစရာ များ ဖြင့် ကျွန်တော်တို့ ကြီးပြင်းခဲ့ရသည် ။

*

ယနေ့ခေတ် လူငယ်လေးများကို ကျွန်တော်က ပုံပြင်များ ပြောပြချင်ပါသည် ။

ထို့ကြောင့် ခေတ်ကို ထင်ဟပ်သည့် 'ပုံပြင်အတွေးရသစာစု' များ ဖြစ်လာရပါတော့သည် ။

ဤ 'ပုံပြင်အတွေးရသစာစု' များ သည် The First Weekly ဂျာနယ်တွင် အပတ်စဉ်ပါရှိခဲ့ ပါသည် ။ ကျွန်တော်တို့ ဖြတ်သန်းနေရသော ခေတ်စနစ်၏ အဖြစ်အပျက်များကို ပုံပြင်များ သဖွယ် ဖန်တီးရေးဖွဲ့ထားသော စာစုများ ဖြစ်ပါသည် ။

မေတ္တာအင်အားဖြင့် ...

ဦးဘုန်း (ဓာတု)

၈-၈-၂၀၁၅

*

# ကျေးဇူးမှတ်တမ်း

'အပျိုကြီး' ဟု အမည်ရှိသည့် 'အတွေးရသစာစု' များ သည် ကျွန်တော်၏ အဘိုး၊ အဘွား၊ အဖေ၊ အမေ၊ ဦးလေး၊ အဒေါ်၊ ဆရာ၊ ဆရာမတို့ မှ ပြောပြခဲ့သည် များကို အတွေးနယ်ချဲ့ပြီး ပုံပြင်သ ဖွယ် ရေးသားထားခြင်း ဖြစ်ပါသည် ။

ဤစာအုပ်ဖြင့် အဘိုး၊ အဘွား၊ အဖေ၊ အမေ၊ ဦးလေး၊ အဒေါ်၊ ဆရာ၊ ဆရာမတို့ ၏ ကျေးဇူး ကို မှတ်တမ်းပြုပါ၏။

'အပျိုကြီး' ဟု အမည်ရှိသည့် 'အတွေးရသစာစု'များ သည် The Frist Weekly အပတ် စဉ်ထုတ် ဂျာနယ်တွင် ပါရှိခဲ့ပါသည် ။ The First Weekly ဂျာနယ်အယ်ဒီတာချုပ်ဖြစ်သူ 'ကိုအောင် စိုးသူ' ၏ ကျေးဇူးကို ဤစာအုပ်ဖြင့် မှတ်တမ်းပြုပါ၏။

'အပျိုကြီး'အမည်ရှိသည့် 'အတွေးရသစာစု' များကို ထုတ်ဝေပေးသည့် လင်းလွန်းခင်စာ ပေမှ ရသချစ်သူ၊ စာချစ်သူကြီး 'ကျောက်ပုထိုး ဦးသိန်းလွင်'၏ ကျေးဇူးကို ဤစာအုပ်ဖြင့် မှတ် တမ်းပြုပါ၏။

'အပျိုကြီး'ဟု အမည်ရှိသည့် 'အတွေးရသစာစု'များကို စိတ်ရှည်သည်းခံပြီး မညည်းမညူ ကွန်ပျူတာ စာစီပေးသည့် 'ကိုဘုန်းတင့်မောင်၊ မငယ်နှင့် သမီးလေး လောက်စလုံး'၊ 'ကိုသန့်စင်၊ မမွန်မွန်နှင့် သမီးလေး အိမ့်ပြည့်'တို့ မိသားစု၏ ကျေးဇူးကို ဤစာအုပ်ဖြင့် မှတ်တမ်းပြုပါ၏။

*

## ပဲသူခိုး မျောက်ကြီးများ ပုံပြင်

## (တစ်)

ဟိုး…ရှေးရှေးတုန်းက ….

မျောက်ကြီးတစ်ကောင်အကြောင်းကို ပြောရဦးမည်။

ထိုမျောက်ကြီးသည် ငှက်ပျောသီးကို မကြိုက်။ ပဲစေ့များကိုသာ ကြိုက်သည် ။ ငှက်ပျောသီး ဆိုသည် က တောထဲ၊ တောင်ထဲတွင် အလွယ်တကူ ရရှိနိုင်သည် ။ ပဲဆိုသည် က လူတို့ စိုက်ထားသော အခင်း သို့မဟုတ် လူတို့ စုဆောင်းထားသော ကျီထဲ၊ ပုတ်ထဲတွင် သာ ရှိသည် ။ ပဲကို ကြိုက်သော မျောက်ကြီးသည် ပဲစားရန်အတွက် ပဲကို ခိုးယူရလေတော့သည် ။ ဤသို့ဖြင့် ပဲခိုးစားတတ်သော မျောက်ကြီးတစ်ကောင် ဖြစ် လာလေ၏။

မျောက်သူငယ်ချင်းများက သူ့ကို ပြောသည် ။

"ပဲခိုးစားတာ မကောင်းဘူး"

"ငါက ပဲတွေကို ခိုးယူပြီး စားနေတာ မဟုတ်ဘူး ။ လူတွေက ပဲခင်းတွေကို ပစ်ထားကြ သည် ။ ဒီလိုပဲ…ပဲတွေကို ရူးဆွတ်ပြီး ကျီတွေ၊ ပုတ်တွေ ထဲ မှာ အလကားထည့်ထားကြတယ်။ သူတို့ အတွက် ပဲတွေက အများကြီးပါ။ အလကားဖြစ်မယ့်အတူတူ ပဲကို ငါက ယူပြီး စားတယ်၊ ဘာဖြစ် လဲ"

“ မဟုတ်ဘူး လေ၊ လူတွေက ပဲတွေကို မျိုးစေ့အဖြစ် ချန်ထားကြတာ။ နောက် မျိုးဆက်တွေ အတွက် ချန်ထားတဲ့ ပဲမျိုးစေ့တွေကို မင်းက ခိုးတယ်၊ မင်း လုပ်ရပ်ဟာ လွန်လွန်းတယ်”

“ဟား…ဟား…ဟား…ဟား…ဟား”

ပဲသူခိုး မျောက်ကြီးက ဟားတိုက်ပြီး ရယ်မောလေသည် ။

“ငါက ပဲတွေကို ခိုးစားတာ မဟုတ်ဘူး ။ ငါက မျောက်ဆိုပေမယ့် မင်းတို့လို ‘အူတူတူ အတတ’ မျောက် မဟုတ်ဘူး ။ မျောက်လည်၊ မျောက်နပ်ကွ။ အဲဒီအိမ်မှာ အစောင့် ရှိတယ်”

“ဘယ်သူတွေလဲ”

“ခွေးကြီးနှစ်ကောင်လေ”

“သြော်..သိပြီ သိပြီ၊ ခွေးအကြီးကောင် နာမည်က ‘သွန်ယန်း’၊ အငယ်ကောင် နာမည်က ‘အွန်ယန်း’၊ ကိုရီးယားသရုပ်ဆောင်နာမည်တွေ ပေးထားတာ မဟုတ်လား”

“အေး..ဟုတ်တယ်၊ သူတို့ နှစ်ကောင်ကို ငါက အပိုင်ပေါင်းထားတာ။ သူတို့ က ခွင့်ပြုလို့ ငါ က ယူတာ၊ စားတာ”

“ဟ…သူငယ်ချင်း ကိုမျောက်၊ အဲဒီပဲတွေကို သူတို့ နှစ်ယောက် ပိုင်တာမှ မဟုတ်တာ။ တကယ့်ပိုင်ရှင်အစစ်က အိမ်ရှင်တွေလေ”

“ဘာပဲဖြစ်ဖြစ်ကွာ၊ သူတို့ က အဲဒီအိမ်ရဲ့ အစောင့်ကွ။ ‘အစောင့်’ဆိုတာ အိမ်ရဲ့ အဓိကကျ တဲ့ ပုဂ္ဂိုလ်ပဲ။ သူတို့ ကြည်ဖြူလို့ ငါက ယူတယ်၊ ဘာဖြစ်လဲ”

“မဟုတ်သေးဘူးလေကွာ၊ သူတို့ က ပိုင်ရှင်မှ မဟုတ်ဘဲ။ ပိုင်ရှင်က

ခွင့်ပြုမှ မင်း ယူသင့်တာ ပေါ့။ မင်းလုပ်ရပ်က သူခိုးတစ်ယောက်လိုပဲ”

“ဒီမယ်…မှတ်ထား၊ မင်းတို့ က ငှက်ပျောသီးရဲ့ အရသာကိုပဲ သိတယ်။ ငါက ငှက်ပျောသီး လည်း စားဖူးတယ်၊ ပဲကိုလည်း စားဖူးတယ်၊ ပဲက သိပ်ပြီး အရသာ ရှိတယ်ကွ၊ စိမ့်စိမ့်အီအီလေး၊ တစ်ခါစားပြီးရင် မင်းစွဲလမ်းသွားလိမ့်မယ်။ ဒီည ငါ ပဲတွေကိုသွားပြီး ယူစားဦးမယ်။ မင်းတို့ လည်း စားချင်ရင် ငါနဲ့ လိုက်ခဲ့လေ”

မျောက်လည်၊ မျောက်နပ်၊ မျောက်ပဲသူခိုးကြီး၏ စည်းရုံးမှုကြောင့် မျောက်တချို့ တွေဝေ သွားကြသည် ။

မျောက် လေး၊ ငါး၊ ခြောက်ကောင်သည် ပဲသူခိုး မျောက်ကြီးနှင့် ပူးပေါင်းလိုက်ကြတော့ သည် ။ မျောက်အများ စုကမူ ပဲခိုးစားသော မျောက်တို့ ၏ လုပ်ရပ်ကို မနှစ်မြို့ကြ။

*

## (နှစ်)

ဒီလိုနှင့် ပဲသူခိုးမျောက်တို့ သည် ပဲကို ညစဉ်ညတိုင်း ခိုး၍ ခိုး၍ စားကြလေ၏။ အစောင့်နှစ် ကောင်ဖြစ်သော ‘သွန်ယန်း’ နှင့် ‘အွန်ယန်း’ တို့ အတွက် ထိုပဲသူခိုးမျောက်တို့ က ဝေစုအဖြစ် အခြားနေရာမှ ခိုးယူလာသော သားစိမ်းငါးစိမ်းများကို ပေးသည် ၊ ကျွေးသည် ။ ဤသို့ဖြင့် သူတို့ ပျော် နေကြလေ၏။

ပုတ်ထဲ၊ ကျီထဲတွင် ပဲမျိုးစေ့များ တဖြည်းဖြည်း လျော့၍ လာသည် ။

အိမ်ရှင်တွေ ရိပ်မိလာကြပြီ။

ခွေးနှစ်ကောင် မွေးထားပါလျက်နဲ့ ဒီပဲတွေ ဘာကြောင့် ပျောက်ဆုံး

သွားရသနည်း။

ညညဆိုလျှင်လည်း ခွေးဟောင်သံမကြား။ တစ်ခုခုတော့ တစ်ခုခုပဲ။

ဤသို့ဖြင့် ပဲမျိုးစေ့များ လုံခြုံရေးအတွက် ပိုင်ရှင်အစစ်ဖြစ်သော အိမ်ရှင်တွေက တိုင်ပင်ကြ လေသည် ။

"ပုတ်ထဲ၊ ကျီထဲက ပဲမျိုးစေ့တွေကို ခိုးစားနေတဲ့ သူ ရှိတယ်။ ခွေးနှစ်ကောင်ကတော့ ပဲစိမ်း ကို မကြိုက်ဘူး။ ဒါပေမဲ့ ဒီပဲမျိုးစေ့တွေ အခိုးခံရတဲ့ ကိစ္စမှာ ဒီခွေးနှစ်ကောင်ရဲ့ ပယောဂ ပါကိုပါရ မယ်"

"ဖြစ်နိုင်တယ်ဗျ၊ မနေ့ညက 'သွန်ယန်း' အိပ်တဲ့ ခြံထောင့်မှာ ငါးအရိုးတွေ တွေ့တယ်။ ဒီလို ပဲ… 'အွန်ယန်း' နေတဲ့ သစ်ပင်အောက်မှာ လည်း ကြက်အရိုးတွေ တွေ့တယ်။ ဒီကိစ္စမှာ ဒီကောင် နှစ်ကောင်ပေါ့လျော့လို့ ဖြစ်ရတာ။ သူတို့ က သူခိုးတွေနဲ့ ပူးပေါင်းလို့ ဒီလိုဖြစ်ပုံရတယ်။ သူတို့ အလုပ် ကို သူတို့ မလုပ်ကြဘူး"

"ဟုတ်တယ်ရှင့်၊ မနေ့က 'ဝုန်းဝုန်းဒိုင်းဒိုင်း'နဲ့ အသံတွေ ကြားလိုက်ရတယ်။ ခွေးဟောင် သံ မကြားရဘူး။ ပဲခိုးစားတဲ့ သူနဲ့ ကျွန်မတို့ အိမ်က အစောင့်ခွေးနဲ့ အပေးအယူ တည့်နေကြပုံရတယ်။ ပဲမျိုးစေ့ပိုင်ရှင်တွေဖြစ်တဲ့ ကျွန်မတို့ တစ်တွေ ဒီနေ့ညကစပြီး ပဲသူခိုးကို စောင့်ဖမ်းကြမယ်"

ညသို့ ရောက် လာပြီ။

ည၌နက် လာပြီ။

လူခြေတိတ်ပြီ။

အရှေ့ဘက် ခြံစည်းရိုးမှ လွှားခနဲ ခုန်ချလာသော မျောက်ဖြူတစ်အုပ်။ တဘုတ်ဘုတ်ဖြင့် ခြေဖျားထောက်လျက် လမ်းလျှောက်လာကြသည်

။

ဒီလိုပဲ...အနောက်ဘက်ခြံစည်းရိုးမှ 'စွေ့ခနဲ၊ စွေ့ခနဲ'ခုန်ဆင်းလာသော အမွေးထူထူ မျောက်မည်းတစ်အုပ်။ ကုန်းကုန်းကွကွဖြင့် ဝင်လာကြသည် ။

သူတို့ လက်ထဲတွင် အသားစိမ်း၊ ငါးစိမ်းများ ပါလာသည် ။ 'သွန်ယန်း'နှင့် 'အွန်ယန်း'ကို ပစ်ပြီး ကျွေးလိုက်ကြသည် ။ 'သွန်ယန်း' နှင့် 'အွန်ယန်း'ခွေးနှစ်ကောင်သည် အမြီးများကို နှန့်ပြီး ကြိုဆိုကြလေ၏။

ဤသို့ဖြင့် ပဲသူခိုးမျောက်အုပ်စုသည် ပဲမျိုးစေ့များ ထည့်ထားသည့် 'ကျီ'အနီးသို့ ရောက် သွားကြတော့သည် ။ ပဲမျိုးစေ့များကို လက်ခုပ်ဖြင့် နှိုက်ကြသည် ၊ ယူကြသည် ၊ ခိုးကြသည် ၊ ဝှက်ကြ သည် ။ စားကြသည် ၊ မျိုကြ၊ ဆို့ကြသည် ။

ဤဖြစ်စဉ်ကို အိမ်ရှင်အားလုံးက အတိုင်းသား မြင်တွေ့နေရသည် ။

ထိုအခါ အိမ်ရှင်တွေက ဩသံပေးပြီး ခြောက်လှန့်ကြလေ၏။

မျောက်တွေက အိမ်ရှင်တွေကို ပြန်ပြီးကြည့်သည် ။ သွားဖြဲပြီး ခြောက်လှန့်သည် ၊ ကုတ်မည့် ဟန် ပြင်သည် ၊ အန္တရာယ်ပြုသည် ။

အိမ်ရှင်တွေက လက်ထဲတွင် တုတ်များ ၊ ဓားများကိုကိုင်ပြီး 'လိုက်ဟော့...လိုက်ဟော့...'ဟု အော်သည် ။ ဩသံပေးသည် ။ တုတ်ဖြင့်လိုက်ပြီး ရိုက်သည် ။ ခဲများ ဖြင့် ပစ်ပေါက်သည် ။ ပဲသူခိုးမျောက်တို့ ပြေးကြလေကုန်၏။

ထိုသို့ ပြေးလွှားသည့်အခါ မျောက်တွေက သူတို့ ၏ လက်ခုပ်ဖြင့် ပဲမျိုးစေ့များ နှိုက်ယူပြီး ပြေးသည် ။ နောက်သို့ လှည့်ကြည့် လှည့်ကြည့်ဖြင့် ပြေးသည် ။

လူတွေက ထက်ကြပ်မကွာ လိုက်ကြသည် ။ ပဲသူခိုး မျောက်ခေါင်း

ဆောင်ကြီးက သူ၏ မျောက်သူခိုးအပေါင်းအပါများကို ပြောသည် ။

“သစ်ပင်ပေါ်တက်၊ သစ်ပင်ပေါ်တက်”

“ခြံစည်းရိုးပေါ်တက်၊ ခြံစည်းရိုးပေါ်တက်”

ပဲသူခိုးမျောက်တချို့က ပြန်ပြောကြလေ၏။

“သစ်ပင်ပေါ်တက်လို့ မရဘူးဗျ၊ ခြံစည်းရိုးပေါ်တက်လို့ မရဘူးဗျ”

“ဘာလို့ လဲ”

ဟု မျောက်သူခိုး ခေါင်းဆောင်ကြီးက မေးသည် ။

“သစ်ပင်ပေါ်တက်ရင်၊ ခြံစည်းရိုးပေါ်တက်ရင် လက်ခုပ်ထဲက ယူလာတဲ့ ပဲတွေ လွှင့်ပစ်လိုက် ရမှာ ပေါ့ဗျ”

“နင့်အမေကလွှား…အဲဒီပဲတွေကို မက်မောနေရင် ငါတို့ ဘယ်လိုလုပ်ပြီး လွတ်မြောက်မှာ လဲ။ ဘာပဲဖြစ်ဖြစ် သစ်ပင်ပေါ် တက်ဖြစ်အောင်တက်”

မျောက်သူခိုးခေါင်းဆောင်ကြီးက ဤကဲ့သို့ အော်၍ ပြောသော်လည်း သူကိုယ်တိုင်ကမူ သူ့ လက်ခုပ်ထဲက ပဲမျိုးစေ့များကို လွှင့်ပစ်ဖို့ နှမြောနေလေသည် ။ နောက်ကလည်း ပဲမျိုးစေ့ပိုင်ရှင်တို့ က လိုက် လာပြီ။

ပြေးရင်းလွှားရင်းဖြင့် ပဲမျိုးစေ့တချို့ မြေပြင်ပေါ်သို့ ဖိတ်စဉ်လွင့်ကျသွားသည် ။ ထိုဖိတ်စဉ် လွင့်ကျသွားသော ပဲမျိုးစေ့များကို နှမြောသည့်ဖောဖြင့် မျောက်တချို့က ကောက်ယူသည် ။ ထိုသို့ ကောက်ယူလိုက်သည့်အချိန်တွင် လက်ခုပ်ထဲမှ ပဲမျိုးစေ့များက မြေပြင်ပေါ်သို့ အကုန်လုံး လွင့်စဉ် ဖိတ်ကျသွားလေတော့သည် ။

ပဲသူခိုးမျောက်တို့ သည် ‘ခိုးယူသည့်နေရာတွင် ကျွမ်းကျင်သည့်ဉာဏ်’ကလွဲပြီး ဘာအသိမှ

မရှိကြ။

နောက်ကလည်း ပဲမျိုးစေ့ပိုင်ရှင်တို့ က လိုက်လာကြလေပြီ။

သစ်ပင်ပေါ်သို့ မျောက်တချို့ တက်ပြေးကြကုန်၏။

သစ်ပင်ပေါ်သို့ တက်ခါနီးတွင် ပဲသူခိုးမျောက်များက ဤသို့ စဉ်းစားကြသည် ။

“ငါ…ဒီပဲမျိုးစေ့တွေကို ယူပြီး သစ်ပင်ပေါ် တက်လို့ မရဘူး။ ပဲမျိုးစေ့တွေကို လွှင့်ပစ်ပြီးမှ တက်လို့ ရမယ်၊ နှမြောလိုက်တာ၊ ပဲမျိုးစေ့တော့ကို မက်မောနေရင်လည်း နောက်က လိုက်လာတဲ့ ပိုင်ရှင်တွေရဲ့ အဖမ်းကို ခံရတော့မယ်။ ငါ ဘာလုပ်ရမလဲ”

ဤသို့ဖြင့် ပဲမျိုးစေ့သူခိုး မျောက်အုပ်စုကြီးသည် သူတို့ လက်ထဲမှ ပဲမျိုးစေ့များကို မြေပြင်ပေါ် သို့ ကမန်းကတန်းဖြင့် လွှတ်ချသူက ချ၊ လွှင့်ပစ်သူက ပစ်။ သစ်ပင်ပေါ်သို့ ကတိုက်ကရိုက် တက် ပြေးကြရလေတော့သည် ။

မြေပြင်ပေါ်တွင် ပဲမျိုးစေ့များက ပြန့်ကျဲလျက် …။

အိမ်၏ လုံခြုံရေးအတွက် တာဝန်ပေးထားသော အစောင့်ခွေးနှစ်ကောင်ဖြစ်သည့် ‘သွန် ယန်း’ နှင့် ‘အွန်ယန်း’ တို့ က မျောက်သူခိုးအုပ်ကြီးကို ဟောင်သလို၊ လိုက်သလိုနှင့် အိမ်ရှင်တွေကို ပြန်၍ ဟောင်သည် ၊ လိုက်သည် ၊ ကိုက်သည် ။

အစောင့်ဖြစ်ပြီး သစ္စာမဲ့လေစွ။

သူတို့ သစ္စာမဲ့မှုကြောင့် ပဲမျိုးစေ့များ ကုန်ခဲ့ရသည် ။

အခုလည်း ကျွေးထား၊ မွေးထားသည့် အိမ်ရှင်တို့ ၏ ကျေးဇူးကို နားမလည်၊ မသိတတ်၊ ပြန် ၍ ရန်မူကြသည် ။

ဒီတော့ ...

သစ္စာမရှိသော 'သွန်ယန်း' နှင့် 'အွန်ယန်း' ခွေးနှစ်ကောင်ကို အိမ်ရှင်များက မကြည်ဖြူ ကြတော့။

နောက်တစ်နေ့ မနက်..။

အိမ်ရှင်တို့ စုဝေးပြီး ပဲသူခိုး မျောက်ကြီးများ အကြောင်း ပြောဖြစ်ကြလေတော့သည် ။

'ပဲခိုးစားတဲ့ မျောက်တွေ သူတို့ ကိုယ်သူတို့ တော့ လည်လှပြီ။ နပ်လှပြီလို့ ထင်နေကြတယ်။ အိမ်မှာ အစောင့်ထားတဲ့ ခွေးတွေကို အကြိုက်ပေးပြီး ပေါင်းတယ်။ နောက်ဆုံး ပဲမျိုးစေ့ပိုင်ရှင်တွေ ဖြစ်တဲ့ ငါတို့ က သိတော့ ငါတို့ ကိုယ်တိုင် ဖမ်းကြရတယ်၊ ဆီးကြရတယ်၊ အော်ကြတယ်၊ ဟစ်ကြ တယ်။ ဒီတော့ ပဲသူခိုးမျောက်ကြီးတွေ ထွက်ပြေးကြရတယ်"

"သူခိုးကို လူမိတော့ သူခိုးတွေ ပြေးကြရတာပေါ့ရှင့်။ လောဘကြီးတဲ့ မျောက်တချို့ သူတို့ လက်ခုပ်ပေါ်က ဖိတ်စဉ်ပြီး လွင့်ကျသွားတဲ့ ပဲမျိုးစေ့တွေကို ပြန်ကောက်လိုက်တာနဲ့ လက်ထဲက ပဲမျိုးစေ့တွေ အကုန်လုံး မြေပြင်ပေါ် လွင့်ကျသွားရတော့သည် ။ သူများ ပစ္စည်း ခိုးယူသူတွေဟာ တစ် ချိန်ချိန်မှာ တော့ အဲဒီလိုပဲ ဖြစ်တတ်ကြတယ်။ ဩော်... လောဘ၊ လောဘ။ လောဘဆိုတာ ဒုက္ခသစ် ပင်ကို ရှင်သန်ကြီးထွားစေဖို့ တွန်းအားပေးတဲ့ မြေဩဇာပဲ"

"ဟုတ်တယ်ဟေ့၊ နောက်ဆုံးတော့ သစ်ပင်ပေါ်တက်ပြေးမှ လွတ်မယ်ဆိုတာ ပဲသူခိုးမျောက် ကြီးတွ တွေးမိကြတော့တယ်။ လက်ထဲက ပဲမျိုးစေ့တွေကို မက်မောနေရင် အသက်ပေးရတော့မယ်။ ဒီလိုနဲ့ သူတို့ ခိုးယူထားတဲ့ ပဲမျိုးစေ့တွေ မြေပြင်ပေါ်ကို လွှတ်ချခဲ့ရတော့တာပဲ။ သူတို့ ကိုယ် သူတို့ တော့ လည်လှတယ်၊ နပ်လှတယ်၊ တော်လှတယ်၊ တတ်လှတယ်လို့ ထင်နေကြတာပေ့ါ။ ဘာပဲဖြစ်ဖြစ် ခိုးတာဟာ ခိုးတာပါပဲ။ နောက်ဆုံးတစ်နေ့ ပြန်ပြီး ပေးခဲ့ကြရတာပါပဲ"

ဒီလိုနှင့်....နောက်တစ်လ၊ နှစ်လ။

မိုးဦးကျလာသည် ။

မြေပြင်ပေါ်တွင် ပြန့်ကျဲကျန်ရှိသော ပဲမျိုးစေ့များက ပဲပင်များ ပေါက်လာကြလေ၏။

ခြံစည်းရိုးပေါ်တွင် ပဲပင်များက တွယ်ပြီး တက်ကြလေ၏။

ဤသို့ဖြင့် ...

ပဲမျိုးစေ့များ ပွား၍ ပွား၍ လာကြတော့သည် ။

## (သုံး)

ဟယ်...ဟိုမှာ ပဲသူခိုးမျောက်ကြီးတွေ။

ဟာ..ဟိုမှာ လည်း 'သွန်ယန်း'နဲ့ 'အွန်ယန်း'။

ဘာပဲဖြစ်ဖြစ်

ငါတို့ က ပဲမျိုးစေ့ပိုင်ရှင်တွေ...။

*